

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဩဂုတ် ၂၃ ရက်နေ့မှ ၂၉ ရက်နေ့အထိ



**၁၀၆၂+**

သတ်ဖြတ်ခံရ



**၇၆၂၇+**

ဖမ်းဆီးခံခဲ့ရ



**၆၀၀၅+**

ချုပ်နှောင်ခံထားရဆဲ



**၁၉၈၄+**

ဖမ်းဝရမ်းထုတ်ခံရ

# အကျဉ်းချုပ်

တရားမဝင် စစ်အာဏာသိမ်းသည့် အချိန်မှစ၍ ၇ လတာအတွင်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေသည် ဆက်လက် ယိုယွင်းနေသည်။ တက်ကြွလှုပ်ရှားသူများနှင့် သတင်းစာနယ်ဇင်းသမားများသည် အကြမ်းဖက်သည့် နည်းဗျူဟာများနှင့် မတရားဖမ်းဆီးခံရခြင်း စသည့် နည်းများဖြင့် ဖိနှိပ်ခံနေရသည်။ စစ်ကောင်စီ၏ အကြမ်းဖက်နှိမ်နင်းမှုကြောင့် အပြစ်မဲ့ပြည်သူ ၁၀၀၀ ကျော်သေဆုံးခဲ့ရသည်။ ပဋိပက္ခနှင့် အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြမှုများကြောင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးနေသော်လည်း အကြမ်းဖက်စစ်တပ်သည် တိုင်းရင်းသားဒေသများဖြစ်သော ကရင်၊ ကချင် နှင့် ကယားပြည်နယ်တို့တွင် စစ်အင်အားတိုးချဲ့လျက်ရှိသည်။ တိုက်ပွဲများသည် နေရပ်စွန့်ထွက်ပြေးနေရသော အရပ်သားပြည်သူများအား ပို၍ ဆိုးကျိုးသက်ရောက်စေမည်ဖြစ်သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ လျှပ်တပြတ် အစီရင်ခံစာအရ စစ်အာဏာသိမ်းပြီးနောက် ပဋိပက္ခများနှင့် မတည်ငြိမ်မှုများကြောင့် ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးသူပေါင်း ၁၈၉,၀၀၀ ရှိသည်။

တိုင်းပြည်၏ နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်များ ကသောင်းကနင်း ဆက်လက်ဖြစ်ပွားနေသော်လည်း အကြမ်းဖက်စစ်ကောင်စီသည် တရားမျှတမှုမရှိသော ၎င်းတို့၏ စစ်အုပ်ချုပ်ရေးကို တရားဝင် ဆက်လက်ဆုပ်ကိုင်ထားသည်။ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင်များသည် ဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်ပြီး ၎င်းတို့၏ ရှေ့နေနှင့်တွေ့ခွင့်ရရန် ငြင်းဆိုခံနေရကာ တရားရုံး အမှုရက်ချိန်းသည်လည်း မကြာခဏ ရွှေ့ဆိုင်းခံနေရသည်။ ဤကာလအတွင်း အကြမ်းဖက်စစ်ကောင်စီ၏ ယခင်နည်းဗျူဟာဟောင်းအတိုင်း ဆက်လက်ကျင့်သုံးနေသည်ကိုတွေ့ရှိရသည်။ ဥပမာအားဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ စီးနင်းတိုက်ခိုက်မှုကြောင့် လူငယ်အယောက် ၃၀ ဖမ်းဆီးခံခဲ့ရသည်။

ရိုဟင်ဂျာ လူမျိုးတုန်း အကြမ်းဖက်သတ်ဖြတ်ခံရသည့် လေးနှစ်ပြည့် ပြန်လည်အမှတ်ရခြင်း နှစ်ပတ်လည်နေ့တွင် ရိုဟင်ဂျာတို့၏ အခွင့်အရေးများ အပြည့်အဝ ပြန်လည်ရရှိရန် သွေးစည်းညီညွတ်မှုကို ပြသည့်အနေဖြင့် မြန်မာအရပ်ဘက်အဖွဲ့ ၄၃ ဖွဲ့တို့မှ တောင်းဆိုခဲ့ကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ကြီးလေးသော ရာဇဝတ်မှုများ၏ မရေမတွက်နိုင်သော ကျူးလွန်ခံရသူများနှင့် အသက်ရှင် ကျန်ရစ်သူများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု ရှိလာစေရန်နှင့် စစ်တပ်မှ ပြစ်ဒဏ်ကင်းလွတ်နေခွင့် ရနေမှုကို အဆုံးသတ်ရန်အတွက် ရနိုင်သမျှ နည်းလမ်းအားလုံးကို ရှာဖွေလုပ်ဆောင်ရမည်” ဟု လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကိုဟန်ကြီးမှ ပြောသည်။ ရိုဟင်ဂျာလူမျိုးများ ကြုံတွေ့ခဲ့ရသည့် ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် အတင်းအဓမ္မ အစုလိုက် အပြုံလိုက် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရမှုများပတ်သက်၍ ဝမ်းနည်းကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ထုတ်ပြန်ကြေငြာခဲ့သည်။

အကြမ်းဖက်မှုများ အဆုံးသတ်ခြင်းရှိမည့်ပုံ မပေါ်သော်လည်း မြန်မာတပ်သားများ ကူးပြောင်းခိုလှုံနေမှုများ ရှိနေသည်။ တပ်သား အနည်းဆုံး အယောက် ၂၀၀၀ ကျော်သည် အာဏာဖီဆန်လှုပ်ရှားမှုနှင့် နွေဦးတော်လှန်ရေးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ကြသည်။ ကယားပြည်နယ်မှ စစ်ကောင်စီဆန့်ကျင်သော ရဲတပ်ဖွဲ့ဝင်များ ရာနှင့်ချီ၍ ကိုယ်ပိုင်ရဲတပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ ကရင်နီပြည်နယ်ရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ အာဏာသိမ်းမှုကို ဆန့်ကျင်သော ရဲတပ်သား ၃၀၀ ကျော်ဖြင့်ဖွဲ့စည်းခဲ့ပြီး ရေရှည်အနေဖြင့် မြန်မာနိုင်ငံ၏ စံပြရဲတပ်ဖွဲ့ဖြစ်လာရန် ရည်ရွယ်ကြောင်း ပြောရေးဆိုခွင့်ရှိသူမှ ပြောကြားခဲ့သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ကယားပြည်နယ်

ကရင်နီလူမှုအသင်းအဖွဲ့များကွန်ယက် (KCSN)၏
မှတ်တမ်းများအရ ကရင်နီတပ်မတော် (KA)နှင့်
အကြမ်းဖက်စစ်ကောင်စီတပ်ကြားတိုက်ပွဲများ
 ကြောင့် ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်း
ရှောင်ရသူပေါင်း ၁၂၀,၄၄၉ ဦးကို အကျိုးသက်ရောက်
စေသည်။ ထွက်ပြေးတိမ်းရှောင်သူများ၏ လူဦးရေ
ထက်ဝက်ကျော်ဖြစ်သော ၅၅,၂၆၅ ဦးသည် ဒီမော
ဆိုမြို့နယ်ထဲမှ ဖြစ်သည်။ အကြမ်းဖက်စစ်ကောင်စီ
တပ်နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ကြား
တိုက်ပွဲများကြောင့် ဒီမောဆိုဒေသခံပြည်သူ ၈၀,၀၀၀
 ကျော်မှ ၇၀% သည် စစ်ဘေးရှောင်အဖြစ် ထွက်ပြေး
တိမ်းရှောင်နေရသည်။

အကြမ်းဖက်စစ်တပ်မှ ကရင်နီပြည်နယ်တွင် စစ်ရေး
လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နေပြီး စစ်ဘေး
ရှောင်များသည် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရ
သည်။ တစ်ချို့သောစစ်ဘေးရှောင်များသည် နေရာ
တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းတိမ်းရှောင် နေ
ရသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် အင်တာ
နက် လိုင်းများကို အကြမ်းဖက်စစ်ကောင်စီမှ ဖြတ်
တောက်ထားသည်။  အွန်လိုင်းဝန်ဆောင်မှုများကို
မည်သည့်အတွက်ကြောင့်ပိတ်လိုက်သည် မည်သည့်
အချိန်တွင် ပြန်ဖွင့်ပေးမည်ကို ဒေသခံပြည်သူများ မ
သိရှိကြပေ။  အကြမ်းဖက်စစ်တပ်၏ စစ်ရေးတိုးချဲ့
လှုပ်ရှားမှုကြောင့် ကချင်လူထုများသည်  ထိတ်လန့်
ကြောက်ရွံ့နေပြီး စစ်ဖြစ်မည့် လက္ခဏာဖြစ်သည်ဟု
ဒေသခံများမှ သံသယဝင်နေကြသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် အကြမ်းဖက်စစ်ကောင်စီတပ်
များသည် စစ်ရေးတိုးချဲ့လှုပ်ရှားလျက်ရှိသည်။ ဩ
ဂုတ်လ ၂၅ ရက်နေ့တွင် ဖာပွန်မြို့နယ်အတွင်း
အကြမ်းဖက်စစ်တပ်၏ လေကြောင်းဖြင့်ထောက်
 လှမ်းမှုများကြောင့် ဒေသခံများကြား စိုးရိမ်မှုများ
တိုး လျက်ရှိသည်။ အင်အားပိုမိုတောင့်တင်း သော
အကြမ်းဖက်စစ်တပ်နှင့် နယ်ခြားစောင့်တပ်(BGF)
ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားမှုများ
 သည် ဒေသခံရာနှင့်ချီ၍ ထွက်ပြေးတိမ်းရှောင် နိုင်
စေသည်။
ကရင်သတင်းစဥ◌်၏ အဆိုအရ ကရင်အမျိုးသား
လွတ်လပ်ရေးတပ် (KNLA)ထိန်းချုပ်ရာ တပ်မဟာ
ဒေသ အသီးသီးတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိ
သည်။  ပြည်သူ့ကာကွယ်ရေးတပ်များ (PDF) တို့၏
အောင်မြင်စွာ တိုက်ခိုက်မှုများကို အကြမ်းဖက်စစ်
ခေါင်းဆောင်မှ တုန့်ပြန်ခြင်းဖြစ်သည်ဟု ထိပ်ပိုင်း
အရာရှိတစ်ဦးမှ မှတ်ချက်ပြုခဲ့သည်။ အကြမ်းဖက်
စစ်ကောင်စီသည် တပ်မဟာ ၆ နှင့် ၇ တွင်ရှိသော
 PDF များကို လက်တုန့်ပြန် ရှင်းထုတ်လိမ့်မည်
ဖြစ်သည်။ ကျွမ်းကျင်သူများမှ အကြမ်းဖက်စစ်
ကောင်စီ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့်
 တိုက်ပွဲအတွင်း အပြစ်မဲ့အရပ်သားပြည်သူများ ပို
၍ ထွက်ပြေးတိမ်းရှောင်ရလိမ့်မည်ဖြစ်ပြီး လူသား
ချင်းစာနာထောက်ထားမှု အကူအညီများပေးရန်
ကျွမ်းကျင်သူများမှ တောင်းဆိုနေကြသည်။

*“ရိုဟင်ဂျာ အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များနည်းတူ မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားအားလုံး၏ တရားမျှတရေး၊ ညီမျှရေးနှင့် အခြေခံအခွင့်အရေးအားလုံး ရရှိရန် ဆက်လက်တိုက်ပွဲဝင်သွားမည်။” –*

*ဒေါ်အိသဥ္ဇာမောင်– ဒုဝန်ကြီး(အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန)မှ ဩဂုတ်လ ၂၅ ရက်နေ့ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်ခံရသည့် လေးနှစ်ပြည့်နှစ်ပတ်လည်နေ့ ထုတ်ပြန်ချက်မှ ကောက်နုတ်ချက်*



*သိန်းနှင့်ချီသောရိုဟင်ဂျာများသည်ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းသို့ရေလမ်းဖြင့်ထွက်ပြေးခဲ့စဉ်။ စက်တင်ဘာလ ၂၀၁၇ ခုနှစ်၊ Cox's Bazar နှင့် Teknaf ကြားရှိ မြောက်–တောင် အဝေးပြေးလမ်းမသည် ရိုဟင်ဂျာဒုက္ခသည်များ တစ်ဖြည်းဖြည်းစီးဝင်ရာဒေသ ဖြစ်ခဲ့သည်။*
*အရင်းအမြစ်၊ Greg Constantine၊ အမေရိကန် လူမျိုးတုံးသတ်ဖြတ်မှု မှတ်တမ်းပြတိုက်*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဩဂုတ် ၂၃ ရက်နေ့

စစ်ကောင်စီနှင့်လမ်းခွဲလာသော ပြည်သူ့တပ်မတော်သားနှင့် ပြည်သူ့ ရဲတပ်ဖွဲ့ဝင်များအား လေးစားအသိအမှတ်ပြုသွားမည်ဖြစ်ကြောင်းနှင့် ပင်စင်လစာအတွက် တာဝန်ယူသွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှ ထုတ်ပြန်ကြေငြာခဲ့သည်။

## ဩဂုတ် ၂၄ ရက်နေ့

အရပ်ဖက်အဖွဲ့အစည်းများဖြစ်သော လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ ကရင်အမျိုးသမီးအစည်းအရုံးနှင့် တစ်ခြားအဖွဲ့အစည်းများတို့သည် ရိုဟင်ဂျာလူမျိုးများအား လူမျိုးတုံးသတ်ဖြတ်မှု လေးနှစ်ပြည့် အမှတ်တရအောက်မေ့ဖွယ်နေ့တွင် ရိုဟင်ဂျာ ညီအစ်ကိုမောင်နှမများနှင့် တစ်သားထည်းရပ်တည်ကြောင်း ပူးတွဲထုတ်ပြန်ကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။

## ဩဂုတ် ၂၅ ရက်နေ့

အမျိုးသားညီညွတ်ရေးအစိုးရ(NUG)မှ ရောင်းချသော နွေးဦးတော်လှန်ရေးထီရောင်းရငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ သိန်းကျော်မှ ၇၀% ကို CDM လှုပ်ရှားမှုတွင်ပါဝင်သော ပြည်သူ့ဝန်ထမ်းများအတွက် အသုံးပြုခဲ့သည်။

## ဩဂုတ် ၂၆ ရက်နေ့

အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများကြောင့် စစ်ကိုင်းတိုင်းဒေသရှိ ကျေးလက်ဒေသတွင်နေထိုင်သော အရပ်သားပြည်သူ ၁၀၀၀ ကျော်သည် နေရပ်စွန့်ခွါ ထွက်ပြေးတိမ်းရှောင်နေရသည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဩဂုတ် ၂၇ ရက်နေ့

တိုင်းရင်းသားနိုင်ငံရေးပါတီဖြစ်သော
 ကချင်အမျိုးသားကွန်ကရက်ပါတီ
ခေါင်းဆောင် ဒေါက်တာ M ကောန်လ
သည် စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကို
ခံခဲ့ရသည်။

## ဩဂုတ် ၂၈ ရက်နေ့

လွတ်လပ်တဲ့အာရှအသံ၏ သတင်း
ထုတ်ပြန်ချက်အရ စစ်အာဏာသိမ်း
ပြီးနောက် အရပ်သား ၃ ဒါဇင်ခန့်
 သည် အကြမ်းဖက်စစ်ကောင်စီ၏
စစ်ကြောရေးတွင် သေဆုံးခဲ့သည်။

## ဩဂုတ် ၂၉ ရက်နေ့

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်
မြို့နယ်တွင် အရပ်သားပြည်သူတစ်ဦး
သည် အကြမ်းဖက်စစ်ကောင်စီတပ်
၏ ပစ်သတ်ခြင်းကို ခံခဲ့ရသည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma